## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက်အမှတ် ( ၆/ ၂၀၁၉)

လူမျိုးပြုန်းတီးစေမှု (Genocide) သည်ကုလသမဂ္ဂ၏ အနှစ်သာရနှင့်ရည်မှန်းချက်တို့မှ သွေဖီကြောင်းယုံကြည်သည့်အားလျော်စွာ မြန်မာနိုင်ငံသည်လူမျိုးပြုန်းတီးစေမှု တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုပြဋ္ဌာန်းပြီး တစ်နှစ်ခန့်အကြာတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ အတည်ပြုချုပ်ဆိုရန် အတွက်သက်ဆိုင်ရာဝန်ကြီးက ပါလီမန်သို့တင်သွင်းစဉ် လူမျိုးပြုန်းတီးစေမှု တားဆီးရေးနှင့် ပတ်သက်၍မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ရှင်းလင်းတင်ပြပြီးပါလီမန်၏ အတည်ပြုချက်ကိုရယူခဲ့ကြောင်း၊ လက်ရှိအချိန်အထိလည်းမြန်မာနိုင်ငံအနေဖြင့် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့စဉ်ကရပ်တည်ချက်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိသည်ကို နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြပါရှိပါသည်။ ထို့ပြင်နိုင်ငံတော်သမ္မတရုံးက နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေး ဆိုင်ရာကိစ္စများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဥပဒေကြောင်းအရ အကြံပြုနိုင်ရန်အတွက် နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာအထူးအဖွဲ့ကိုဖွဲ့စည်းထားပြီးဖြစ်ကြောင်းသိရှိရပါသည်။

ကုလသမဂ္ဂ၌အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃နိုင်ငံရှိသည့်အနက် ၅၈နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏တရားရေးဆိုင်ရာပင်မအဖွဲ့ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သွားရောက်ကာ နိုင်ငံတော်အစိုးရအနေဖြင့် မည်သည့် နိုင်ငံ၊ မည်သည့်လူမျိုးကိုဖြစ်စေ၊ မည်သည့်ဘာသာကိုဖြစ်စေ၊ မည်သည့်လူ့အစုအဖွဲ့ကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်နစ်နာစေခြင်း၊ တိုက်ခိုက်ခြင်း၊ အလျှဉ်းမပြုလုပ်ဘဲဤပကတိအရှိတရားနှင့် သန္နိဋ္ဌာန်ကို ကမ္ဘာကသိရှိနားလည် စေရေး အတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်းသိရှိရပါသည်။

ယင်းကဲ့သို့ကုလသမဂ္ဂအဖွဲ့ဝင် ကောင်းပီသစွာဆောင်ရွက်ခြင်းကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က လှိုက်လှဲစွာထောက်ခံပါကြောင်းနှင့် အောင်မြင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၉ခုနှစ်၊ဒီဇင်ဘာလ၆ရက်